# အချိန်နှင့်အချစ်

**THE TIME EXCHANGE by Damon Knight**

သူမသည် သူ့ထက် အသက်ထက်ဝက် ငယ်၏။

သူမသည် အေးဆေးတည်ငြိမ်သော မိန်းမပျိုတစ်ယောက် ဖြစ်ပြီး သူမ၏ အစိမ်းရောင်မျက်လုံးများကို သူ အဓိပ္ပာယ်မဖော် နိုင်ရှာပါ။ သူသည် သူမကဲ့သို့ အေးစက်၍ ဣန္ဒြေကြီးမားလွန်းသော သူမျိုးကို တစ်ခါမှ မတွေ့ဖူးသေးပေ။

သူ့နာမည်က ဘရစ်ခရိုမာတင် ဖြစ်သည်။ တကယ်တော့ သူ့နာမည်အပြည့်အစုံမှာ ဘရစ်ခရိုမာတင်–၃ (တတိယမြောက်) ဟူ၍ ဖြစ်သော်လည်း သူသည် လွန်ခဲ့သော နှစ်ပေါင်းများစွာ ကတည်းက ခေတ်မရှိတော့ဟုဆိုကာ ရောမဂဏန်းဖြင့် သူ့ နာမည် နောက်ဆွယ်က ရေးသားဖော်ပြရသော ရောမဂဏန်း(၃) ကို ဖြုတ်ပယ်ပစ်ခဲ့လေသည်။

လင်းဦးတာရာ

သူသည် မာဘာယ်ဟက်ဒ်မြို့၌ အိမ်တစ်လုံး၊ ဘီကွန် ကုန်း မြင့်၌ ဈေးကြီးသော တိုက်ခန်းကျယ်ကြီးတစ်ခုနှင့် ကပ်ကော့ဒ်တွင် နွေရာသီအပန်းဖြေဘိုတဲတစ်လုံးတို့ကို ပိုင်ဆိုင်ထားသူ ဖြစ်သည်။

သူမနာမည်က ဗစ်ကီမဟိုနီဖြစ်ပြီး သူမ လက်နှိပ်စက် စာရေးမအဖြစ် အလုပ်လုပ်ရာ သူ့ရှေ့နေဇာ်ရုံးခန်း၌ သူတို့နှစ်ဦး စတင်တွေ့ဆုံခဲ့ကြလေသည်။

သူမသည် သူ့အား ဘယ်တော့မှ အိမ်လိုက်မပို့ခိုင်းချေ။ သူမသည် မသန်စွမ်းသော ဒုက္ခိတမိခင်ကြီးနှင့်အတူ နေထိုင် လျက်ရှိကြောင်း ဖွင့်ပြောထား၏။

သူတို့နှစ်ဦး တစ်ပတ်တစ်ကြိမ် သောကြာနေ့တိုင်း တစ် နာရီခန့်ကြာမျှ တွေ့ဆုံ၍ အချိန်ဖြုန်းလေ့ရှိကြသည်။ သူမသည် ထိုနေ့ ထိုအချိန်၌သာလျှင် အိမ်မှ ထွက်လည်ခွင့်ရှိကြောင်း ဖွင့်ပြော ထားသည်။ သူက သူမအား အကောင်းစား လက်ဆောင်ပစ္စည်း ကလေးများကို ပေးခဲ့၏။ ဥပမာ၊ ပတ္တမြားတစ်လုံးပါသော ရွှေဆွဲ ကြိုးတစ်ကုံး၊ စိန်စီထားသော ရင်ထိုးတစ်ချောင်း။

ထို့နောက် သူသည် ပို၍တန်ဖိုးကြီးမားသော လက်ဆောင် ပစ္စည်းများကို ထပ်မံပေးသော်လည်း သူမက သူနှင့် ခဏခဏ ချိန်းမတွေ့နိုင်ကြောင်း ပြောလာတော့သည်။

ထုံးစံအတိုင်း ဗုဒ္ဓဟူးနေ့၌ သူနှင့် သူငယ်ချင်းသုံးယောက်တို့ စုရုံး စကားပြောကြသည်။ ဂျက်နှင့်ဂယ်ရီတို့နှစ်ဦးသည် 'အချိန် လဲလှယ်ရေးကုမ္ပဏီ'ဟူသော လုပ်ငန်းသစ်တစ်ခုအကြောင်းကို ပြောဆိုနေကြသည်။

'အဲဒီကုမ္ပဏီဟာ အချိန်ကို မြန်မြန်ကုန်အောင်လည်း လုပ် ပေးလို့ရတယ်။ ဖြည်းဖြည်းချင်းကုန်အောင်လည်း အချိန်ဆွဲပေးလို့ ရသတဲ့။ အက်ဒ်ဗင်ဒါမီးယားဟာ သူ့ရဲ့ သွားဆရာဝန်ဆီမှာ သွား ပေါက်ဖာတဲ့အတွက် အဲဒီကုမ္ပဏီမှာ သွားပြီး အကဲစမ်းခဲ့ဖူးသတဲ့'

'သူတို့က အချိန်ကို ပိုတိုးအောင်ရော လုပ်ပေးနိုင်သလား ဟင်'

ခရိုမာတင်က မေးသည်။

'လုပ်ပေးနိုင်တယ်။ အချိန်ကို ပုလင်းထဲထည့်သိမ်းပြီး ရောင်းစားကြတယ် ထင်တာပဲ'

ခရိုမာတင်သည် မိမိအလိုဆန္ဒဖြည့်ပေးရန် တပ်မက်ဖွယ် ကောင်းစွာ လဲလျောင်းနေသော ဗစ်ကီအား စိတ်အာရုံ၌ မြင်ယောင်မိလေသည်။

သူသည် တယ်လီဖုန်းလမ်းညွှန်စာအုပ်ကြီးကို လှန်ကာ အချိန်လဲလှယ်ရေးကုမ္ပဏီ၏လိပ်စာကို ရှာ၍ နောက်နေ့၌ ထိုနေရာ သို့ သွားလေသည်။

အချိန်လဲလှယ်ရေးကုမ္ပဏီကြီးသည် မြို့၏ နွမ်းပါး စုတ်ချာသော ရပ်ကွက်တစ်ခုတွင် တည်ရှိသော်လည်း ၎င်း အဆောက်အအုံကား သစ်လွင်လှပ၍ ခန့်ညားသပ်ရပ်ပေသည်။

တိုက်၏ထောင့်တစ်နေရာတွင်ရှိသော ဝင်ပေါက်ရှေ့တွင် ယစ်ထုတ်ကြီးများ တန်းစီရပ်နေကြ၏။

တိုက်အတွင်းပိုင်းသည် ဆရာဝန်၏ရုံးခန်းသဖွယ် ခင်းကျင်းပြင်ဆင်ထားသည်။ လူရွယ်တစ်ယောက်သည် နိုးကြား ဖျတ်လတ်စွာဖြင့် သူ့ရှေ့သို့ချဉ်းကပ်လာပြီး

'ဟုတ်ကဲ့၊ ဘာအလိုရှိပါသလဲ ခင်ဗျာ'ဟု မေးလိုက်သည်။

'အဲ့ဒါဘာပြောရမှန်းတောင် မသိတော့ဘူး။ တိုက် ထောင့်မှာ တန်းစီရပ်နေကြတဲ့ လူကြီးတွေဟာ၊ ဟိုဒင်း'

၎င်းတို့သည် အချိန်ကို လာရောက်ပေးလှူသူများ ဖြစ်ကြောင်း၊ ခရိုမာတင်နှင့် ဘာမှမသက်ဆိုင်ကြောင်း ထိုလူရွယ်က ပြောသည်။

ခရိုမာတင်အနေနှင့် လုပ်သင့်သောအရာမှာ အသွင်း

အထုတ်စနစ်ဖြစ်ကြောင်း၊ မိမိမလိုအပ်သောအချိန်များကို မိမိနားရွက်နောက်ဘက်၌ တပ်ဆင်ထားသည့် သတ္တုကြိုတ် ပိစိကွေးလေးထဲသို့ ထည့်သွင်းထားပြီး အချိန်လဲလှယ်ရေးကုမ္ပဏီသို့ လာရောက်အပ်နှံထားပါက ဂရုတစိုက် သိမ်းဆည်းပေးထားမည်ဖြစ်ကြောင်း၊ ထို့နောက် မိမိက အချိန်လိုချင်သောအခါမှ မိမိအပ်နှံထားသော အချိန်စုဆောင်းမှုများထဲမှ ပြန်လည် ထုတ်ယူသုံးစွဲနိုင်ကြောင်း လူရွယ်က ရှင်းပြလေသည်။

'ဟုတ္တာ့ကျွန်တော် အဲဒီစနစ်တော့ လောလောဆယ် မလိုအပ်ပါဘူး။ နောက်များမှပဲ လုပ်ပါရစေ။ ကျွန်တော်က မနက်ဖြန်အတွက် အချိန်များ ရနိုင်မလားလို့'

ဤသို့ဆိုလျှင် ဤကုမ္ပဏီကြီးအချို့တွင် အချို့ပုဂ္ဂိုလ်များက အခြားသူများအား ရောင်းချပေးရန် အချိန်များကို လာရောက်အပ်နှံ ပေးသွင်းထားကြကြောင်း၊ ၎င်းပုဂ္ဂိုလ်များသည် အလွန်တရာ ဂုဏ်သရေရှိသူ လေးစားထိုက်သူများဖြစ်ကြောင်း၊ ၎င်းတို့၏ အချိန်များမှာ အလွန်တရာ အရည်အသွေးကောင်းသဖြင့် သင့်မြတ် ချိုသာသောစျေးနှုန်းဖြင့် ဝယ်ယူနိုင်ပါကြောင်း လူရွယ်က ၎င်း အပေါ် နားလည်သဘောပေါက်သော အပြုံးဖြင့် ချိုသာစွာ ရှင်းပြလေသည်။

လူရွယ်သည် ခရိုမာတင် စစ်ဆေးကြည့်ရှုနိုင်ရန် အစီအစဉ်ဇယားချပ်ကို ထုတ်ယူ၍ ဖြန့်ပြသည်။

စျေးနှုန်းများကို တိုင်းထွာနည်းစနစ်တစ်ခုအရ အဆင့်များ ညှိနှိုင်း သတ်မှတ်ပေးထားရာ ပထမတော့ ခရိုမာတင် နားမလည်နိုင်ပေ။

'ဒါဖြင့် ကျွန်တော်က တစ်နေရာရာမှာ ဒီကအချိန်ကို ဝယ်ပြီး သုံးစွဲတဲ့အခါ အဲဒီက ဂဏန်းက ငါးလို့ရေးထားရင် တစ်နာရီဆိုတဲ့ အချိန်ဟာ ငါးနာရီလောက် ကြာမြင့်သွားလိမ့်မယ်၊ ဒီသဘော

လားဗျ’

‘ဟုတ်ပါတယ်’ဟု လူရွယ်က ဖြေလေသည်။

စျေးက နည်းနည်းများသော်လည်း ခရိုမာတင်သည် ငွေချေ၍ ဝယ်ယူလိုက်လေသည်။

ထို့နောက် သူနာပြုဆရာမဝတ်စုံ ဝတ်ထားသော မိန်းမပျို တစ်ယောက်သည် ခရိုမာတင်အား နောက်ဘက်အခန်း တစ်ခန်းထဲသို့ခေါ်သွားကာ သူ့နားရွက်နောက်ဘက်၌ တောက်ပြောင်သော သတ္တုကြိုတ်ကလေးကို မည်သို့ တပ်ဆင်ရမည်၊ အချိန်ကို ထုတ်ယူသုံးစွဲရန် အဖုံးငယ်လေးကို မည်သို့ဖွင့်ရမည် စသည်ဖြင့် သင်ကြားပြသပေးသည်။ အခြားဝန်ထမ်းတစ်ဦးက ၎င်း သတ္တုကြိုတ်ကလေးကို ကျကျနန ထုပ်ပိုးသိမ်းဆည်း၍ တံခါးဝသို့ လိုက် ပို့ပေးသည်။

သောကြာနေ့တစ်နေ့လုံး ခရိုမာတင်သည် မျှော်လင့် စောင့် စားမှုကြီးမားစွာဖြင့် ဇောချွေးပြန်နေရှာသည်။

သို့နှင့် ညနေစောင်းသွားသည်။ ဗစ်ကီကို ခါတိုင်း တွေ့နေကျ နေရာ၌ မော်တော်ကားနှင့်ဝင်ခေါ်ပြီး သူ၏ တိုက်ခန်းကျယ်ကြီးသို့ မောင်းသွားသည်။ သူမ နောက်ဘက်အခန်းထဲ သွားနေစဉ် သူသည် သတ္တုကြိုတ်ကလေးကို ရေချိုးခန်းထဲသို့ ယူသွားသည်။ ကြိုတ်ကလေးကို သူ့နားရွက်နောက်၌ ညွှန်ကြားထားသည့် အတိုင်း တပ်ဆင်ပြီး အဖုံးကလေးကိုဖွင့်ဟကာ ဆံပင်မွေးများ အနည်းငယ်ဖွ၍ ဖုံးဖိကွယ်ဝှက်ထားလိုက်၏။

မှောင်ရိပ်သမ်းနေသော အိပ်ခန်းထဲသို့ သူဝင်သွားသောအခါ ဗစ်ကီသည် အနက်ရောင် ပိုးသားအိပ်ရာခင်းပေါ်တွင် ပက်လက် လှန်ရင်း သူ့ကို အစိမ်းရောင်မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။

အချိန်လဲလှယ်ရေးကုမ္ပဏီမှ လူရွယ်ပြောသောစကား မှန်ကန် ကြောင်း မကြာမီ သူ လက်တွေ့သိရသည်။

သူ၏ ပျော်ရွှင်မှုကား အဆုံးမသတ်နိုင်ပါ။

ဗစ်ကီသည်လည်း နှစ်သိမ့်မှုအပြည့် ရရှိနေ၏။

အချိန်သည် ကုန်ခဲလှပါဘိ။ ထို့နောက်ပိုင်း၌ သူတို့ နှစ်ယောက် ဘေးချင်းယှဉ်လျက် လဲလျောင်းနေကြစဉ် သူသည် သူမ၏လည်ပင်းကို လက်ဖျားနှင့် အသာပွတ်သပ်မိလိုက်ရာ သူမ နားရွက်နောက်ဘက်၌ သတ္တုကြိုတ်ကလေးတစ်ခုကို စမ်းမိသောအခါ သူသည် ဝမ်းသာလုံးဆို့သွားလေသည်။

မိမိနှင့်အတူ အချိန်ကြာမြင့်စွာ အတူပျော်ခွင့်ရဖို့ သူမခမျာ မည်မျှအနစ်နာခံပြီး အချိန်ကို ဝယ်ယူခဲ့ရရှာမည်နည်း။

သူမအား မိမိမည်သို့ ပြန်လည်ပေးဆပ်ရပါမည်နည်း။

ခရိုမာတင်သည် ဘောင်းဘီရှည်ကို ပြန်ကောက်စွပ်လိုက်သည်။ ဗစ်ကီသည် ခုတင်စောင်းတွင်ထိုင်ရင်း ဝါးခနဲ သမ်းလိုက်ရင်း သူမ၏လက်ပတ်နာရီကို ကောက်ယူကြည့်လိုက်သည်။

'ကိုးနာရီတောင် ထိုးသွားပါလား။ အချိန်ကလည်း အကုန်မြန်လိုက်တာနော်'ဟု သူမက ပြောလိုက်လေသည်။ ❑

**မဟေသီမဂ္ဂဇင်း**

ပြေ၊ ၁၉၇၇။

BURMESE CLASSIC .com